# မြန်မာအစိုးရတပ် မတရားထိုးစစ်ဆင်တိုက်ခိုက်မှုနှင့် ပတ်သက်၍ ထိုင်းနိုင်ငံရောက် ကချင်လူမျိုးများ၏ သဘောထားထုတ်ပြန်ချက်

**ရက်စွဲ။ ။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၂၅) နေ့**

၂၀၁၁ ခုနှစ် ဇွန်လမှစ၍ KIA နှင့် မြန်မာအစိုးရတပ်တို့ကြား တဖန်ပြန်ဖြစ်ပွားခဲ့သော တိုက်ပွဲမှစ၍ ယနေ့အချိန်ထိ မြန်အစိုးရဘက်မှ တဖက်သတ် ထိုးစစ်ဆင် တိုက်ခိုက်နေခြင်းသာဖြစ်သည်။ စစ်ပွဲသည် ၁၉ လ ကျော်လာခဲ့ပြီဖြစ်သည်။ စစ်ကြောင့် ကချင်ပြည်သူများ အထူးသဖြင့် အမျိုးသမီးနှင့်ကလေးငယ်များသည် မိမိဇာတိ နေရပ်ရွာများကို စွန့်ခွာပြီး ဘေးကင်းရာသို့ ထွက်ပြေးခိုလှုံနေရသည်။ ယနေ့ဤအချိန်တွင် စစ်ပြေးဒုက္ခသည်ပေါင်း ၁ သိန်းကျော် ရှိနေပြီဖြစ်သည်။

မြန်မာအစိုးရစစ်တပ်သည် KIA အားထိုးစစ်ဆင်သည့်တချိန်တည်းတွင် ရွာများမီးရှို့ဖျက်ဆီးခြင်း၊ ကချင်ရွာသားများအား အကြောင်းမဲ့သတ်ဖြတ်ခြင်း၊ ကချင်အမျိုးသမီးများအား ဖမ်းဆီး မုဒိန်းကျင့်ခြင်း၊ ကချင်ကလေးငယ်များပါမကျန် တရားမဲ့သတ်ဖြတ်ခြင်း စသည့် ရာဇဝတ်မှုမျိုးစုံကို ကျူးလွန်ခဲ့သည်။ မြန်မာအစိုးရစစ်တပ်သည် KIA အားတိုက်ခိုက်သည်သာမက အပြစ်မဲ့ ကချင်ပြည်သူများကိုပါ ပစ်မှတ်ထားတိုက်ခိုက်နေသည့်အတွက် ကချင်ပြည်နယ်အတွင်းနေထိုင်သော ပြည်သူများအားလုံး၊ ရှမ်းပြည်မြောက်ပိုင်းရှိ ကချင်လူမျိုးသာမက ကျန်တိုင်းရင်းသားများပါ စစ်ပွဲဒဏ်ကိုခံနေရသည်။

နိုင်ငံရေးပြဿနာအား နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးအဖြေရှာမည့်အစား မြန်မာအစိုးရတပ်သည် KIA အား နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရန် ဖိအားပေးခဲ့သောကြောင့် ၁၉၉၄ ခုနှစ်တွင် KIA နှင့် မြန်မာအစိုးရအကြား ချုပ်ဆိုခဲ့သော အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်သည် ၂၀၁၁ ခုနှစ် ဇွန်လတွင် ပျက်ပြယ်ခဲ့သည်။

တိုက်ပွဲကာလတစ်လျှောက်လုံးတွင် မြန်မာအစိုးရတပ်များသည် KIA ၏ ခံတပ်ကုန်းများ၊ လိုင်ဇာမြို့နှင့် ကချင်ဒုက္ခသည်စခန်းများသို့ လေယာဉ်များဖြင့်ပုံးကျဲခြင်း၊ တာဝေးပစ်အမြောက်များနှင့် တရစပ်ပစ်ခတ်ခြင်း တို့ကြောင့် အပြစ်မဲ့ပြည်သူများစွာ အသက်ဆုံးရှုံးနေရသည်။

ထို့ကြောင့် သမ္မတဦးသိန်းစိန်အစိုးရ၏ ဒီမိုကရေးစီပြုပြင်ရေးလုပ်ငန်းသည် တိုင်းရင်းသားများနှင့် ကချင်တိုင်းရင်းသားများအား အမြစ်ဖြုတ်ရေးသာဖြစ်ပြီး တိုင်းရင်းသားများနှင့်တန်းတူနေထိုင်ရေး မှု မဟုတ်ကြောင်း ထင်ရှားသည်။

**မိမိတို့ ကချင်အမျိုးသားများသည် တရုတ်နိုင်ငံနှင့် မိုင်ပေါင်းရှည်လျားစွာ နယ်နိမိတ်ထိစပ်သည့်အလျောက် ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်ခဲ့သည်မှာ ရေးနှစ်ပေါင်းများစွာ ကတည်းကပင်ဖြစ်သည်။ သို့ပါ၍ ကချင်ပြည်နယ်အရေးကို တရုတ်အစိုးရအနေဖြင့် အောက်ပါအတိုင်း ကူညီဆောင်ရွက်ပေးပါရန် ထိုင်းနိုင်ငံရောက် ကချင်လူမျိုးများ မှ လေးစားစွာဖြင့် တောင်းဆိုအပ်ပါသည်။**

**တရုတ်အစိုးရထံသို့တောင်းဆိုချက်များ**

(၁) တရုတ်အစိုးရက မြန်မာအစိုးရ နှင့်၎င်း၏တပ်များအား စစ်ရေးနည်းလမ်းအစား နိုင်ငံရေးအရ စစ်မှန်သောငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုနည်းလမ်းဖြင့် အဖြေရှာရန်အတွက် တိုက်တွန်းပေးရန်။

(၂) မြန်မာအစိုးရတပ်များ၏ တိုက်ခိုက်မှုကြောင့် တရုတ်နိုင်ငံအတွင်းသို့ ထွက်ပြေးခိုလှုံလာသော ကချင်ဒုက္ခသည်များကို တာဆီးပိတ်ပင်ခြင်းမရှိပဲ လွတ်လပ်စွာ လာရောက်ခိုလှုံခွင့်ပေးရန်၊ နေရာချထားပေးရန် နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)မှ လာရောက်ကူညီခွင့်ပေးရန်။

(၃) ဒုက္ခသည်ကူညီရေးအဖွဲ့အစည်းများအား ကချင်ဒုက္ခသည်များသို့ လာရောက်ကူညီရန်အတွက် တရုတ်နိုင်ငံအတွင်းရှိ လမ်းအားအသုံးပြု၍ ဒုက္ခသည်စခန်းသို့ လွတ်လပ်စွာသွားလာခွင့်ပြုရန်၊ နိုင်ငံတကာ ကယ်ဆယ်ရေးပစ္စည်းများ တင်သွင်းခွင့်ပြုရန်။

**ဆက်သွယ်ရန်**

မဆိုင်းဇင်   +၆၆ (၀) ၈၄၆၁၄၂၃၃၀
ဦးလနူးနန် + ၆၆ (၀) ၈၄ ၆၁၂၂ ၆၉၇